## ၂၀၂၀ ပြည့်နှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့အနက် <u>တစ်ခု</u> အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
ခေါင်းလောင်းစာ၊ ရကောက်ပြောင်းလဲပုံ၊ အနက်အဓိပ္ပာယ်အရ ဝါကျ(၅)မျိုး။

(ခ) ပေးထားသော နာမ်စကားလုံးများမှ <u>ငါး</u>ခုကို ရွေးချယ်၍ ဝါကျတစ်ခုစီတွင် သုံးပြပါ။ (၁၀မှတ်)
မည်သည့်နာမ်အမျိုးအစားဖြစ်ကြောင်းကိုလည်း ဝိုက်ကွင်းဖြင့် ဖော်ပြပါ။
ဧရာဝတီ၊ စေတနာ၊ စာကြည့်တိုက်၊ ပေးကမ်းခြင်း၊ လူ၊ မုန့်လက်ကောက်၊ အသင်း။

၂။ (က) အောက်ပါဝေါဟာရတို့အနက် <u>ငါး</u>ခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
သာနု၊ ခနော်ခနဲ့၊ လောကွတ်ချော်၊ နှစ်မာ၊ ရွက်ရင့်လျှော၊ သကြ်န်ယင်၊ စကားဖန်။

(ခ) အောက်ပါ စကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅မှတ်)
တန်ဖိုး–တန်ဘိုး၊ တစ်ခါတရံ–တစ်ခါတစ်ရံ၊ ဂရုဏာ–ကရုဏာ၊ ကမ္ဘည်း–ကမ္ပည်း၊
ကျစ်လစ်–ကျစ်လျစ်။

(ဂ) အောက်ပါတို့အနက် <u>ငါး</u>ခုကို အလင်္ကာ ငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်း (၁၀မှတ်)
ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့ အသုံးပြုထားသည့်အတွက်
ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။
မုန်းပင်စိုက်ပျိုး၊ ကန်ကျိုး၍လာသကဲ့သို့၊ တကျွီကျွီ၊ သွေးလန့်လို့ခုန်၊ တိမ်မင်တုံး၊
အရပ်မှုဆော်သလို၊ ကံမျက်စိလည်။

၃။ (က) အောက်ပါတို့မှ <u>ငါး</u>ခုကို ဖြေပါ။ (၅မှတ်)

(၁) မြင်စိုင်းရွှေပြည် ကဗျာသည် မည်သည့်ကဗျာအမျိုးအစားဖြစ်သနည်း။
(၂) ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့ခဲ့သော ထင်ရှားသောပျို့အမည်ကို ဖော်ပြပါ။
(၃) စစ်မှာတစ်မူ ကဗျာကို မည်သည့်ခေတ်တွင် ရေးသနည်း။
(၄) ညောင်ရမ်းခေတ်တွင် ကျေးလက်၌ မည်သည့်ကဗျာများ တွင်ကျယ်ခဲ့သနည်း။
(၅) လပအဲ ဟူသည်အဘယ်နည်း။
(၆) "သူရကန်စက်၊ ဖန်ဂယက်လည်း၊ လယ်ချက်ဗဟို၊ ယုဂန်စွန်းက၊ ထိမ်ကွန်းယံခိုသည်" ၏
ဆိုလိုရင်းကို ရေးပါ။
(၇) ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်ခဲ့သူမှာ မည်သူနည်း။

(ခ) ဝိဇ္ဇာသိပ္ပလူ့ကိစ္စ ကဗျာမှ ငယ်စဉ်အခါ ပညာမသင်ယူခဲ့ခြင်းကြောင့် ကြုံတွေ့ရမည့် (၁၀မှတ်)
ဆိုးပြစ်များကို ရေးသားတင်ပြပါ။

(သို့မဟုတ်)

ဆောင်းရတုပွဲ ကဗျာတွင် စာဆိုသည် မန္တလေးဆောင်းရာသီ၏ အချမ်းလွန်ကဲမှုကြောင့်
ခံစားရသော ခံစားချက်ကို မည်သို့ရေးဖွဲ့တင်ပြထားသနည်း။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခုကို ဖြေပါ။ (၅မှတ်)

(၁) မိခင့်သောက စကားပြေသည် ဝေဿန္တရာဇာတ်တော်ကြီး၏ မည်သည့်အခန်းမှ ထုတ်နုတ်ထားသနည်း။

(၂) လယ်တီပဏ္ဍိတဦးမောင်ကြီးကို မည်သည့်တက္ကသိုလ်က ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ပေးအပ်ခဲ့သနည်း။

(၃) အမျိုးသားနေ့ စကားပြေ ရေးသားသူကို ဖော်ပြပါ။

(၄) သိပ္ပံမောင်ဝ၏ ကလောင်အမည်ခွဲတစ်ခုကို ဖော်ပြပါ။

(၅) မဟာဆွေ၏ ထင်ရှားသော သမိုင်းနောက်ခံဝတ္ထုအမည်ကို ဖော်ပြပါ။

(၆) သူရိယကန္တီ၏ အမည်ရင်းကို ဖော်ပြပါ။

(၇) ရွှေဥဒေါင်း၏ ပထမဆုံးဝတ္ထုကို ဖော်ပြပါ။

(ခ) သိဃ်သူ့သမီး စကားပြေမှ သိဃ်သူ့သမီး၏ နှစ်သက်လေးစားကြည်ညိုဖွယ် စိတ်နေသဘောထားကို ဖော်ထုတ်တင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

သောနုတ္တရမုဆိုးနှင့်ဆဒ္ဒန်ဆင်မင်း စကားပြေမှ ဦးပုည၏ ရသမြောက်အရေးအဖွဲ့များကို လေ့လာတင်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅မှတ်)

"အသက်ရှိစဉ်၊ မသေခင်ကို၊ ကောက်လျှင်ကြီးဆန်၊ နီတာလံနှင့်၊ ငါးသန်သေးနုပ်၊ ရေလုံပြုတ်များကို၊ တစ်လုပ်ကယ်ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊ အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်လေငဲ့။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ တစ်ခုကို ဖြေဆိုပါ။ (၁၀မှတ်)

(၁) ရေသည်ယောကျ်ား ငွေလေးရွေးတပ်မက်တွယ်တာပုံ

(၂) ရေသည်ပြဇာတ်လာ အာလုပ်စကားများ

၆။(က) အောက်ပါတို့အနက် တစ်ခုကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) အရုဏ်ဦး

နေ့တစ်နေ့၏အဦးအစအချိန်ဖြစ်ပုံ ၊ ထွက်ပေါ်လာသောရောင်နီနှင့်အတူ သက်ရှိတို့ နိုးထလာပုံ၊ ပတ်ဝန်းကျင်မြင်ကွင်းများ၊ လူသားတို့ ကသိုလ်ရေးနှင့်စားဝတ်နေရေး အတွက် လှုပ်ရှားဆောင်ရွက်ကြပုံ၊ နေ့သစ်၏သဘာဝအလှနှင့်အတူ မိမိ၏အတွေး။

(၂) ပညာခေတ်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပုံ ၊ ပညာကို အထူးအလေးထားသင်ယူသင့်ပုံ ၊ ပညာသင်ယူရန် အခွင့်အလမ်းများစွာရှိပုံ၊ အရွယ်မရွေး အချိန်မရွေး ပညာသင်ယူနိုင်ပုံ၊ ပညာသင်ယူခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးနှင့်မိမိ၏အမြင်။

(ခ) အောက်ပါအဆိုများအနက် တစ်ခု ကို ထောက်ခံ၍ ဖြစ်စေ၊ ကန့်ကွက်၍ ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) ခရီးသွားခြင်းသည် လူ့စိတ်ကို လန်းဆန်းတက်ကြွစေသည်။

(၂) သီချင်းနားထောင်ခြင်းသည် ရုပ်မြင်သံကြားကြည့်ခြင်းထက် ပို၍နှစ်သက်ဖွယ်ကောင်းသည်။

---